# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 17 , 2026 Volume 100 , Number 11


၁၇. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၃.၉၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၂.၂၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၄.၁၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၄.၀၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၅.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စပါးဈေးရှုတ်တရက် ထပ်မံကျဆင်း




ဧရာဝတီတိုင်းဒေသကြီးမှာ နွေစပါးအဖြစ် အစိုက်များကြတဲ့ စပါးမျိုးတွေ စပါးပေါ်ချိန်မှာ ရက်ပိုင်းအတွင်း ၁၄ သိန်းကနေ ၁၂ သိန်းဝန်းကျင်ထိ ကျဆင်းသွားတာကြောင့် နွေစပါးစိုက်သူတွေ အခက်တွေ့နေကြပါတယ်။

အခုလိုမျိုး ရှုတ်တရက်ကြီးဈေးကျလာတာဟာ နွေစပါးထွက်ချိန်ဖြစ်တာကြောင့် ရောင်းလိုအားတွေများလာပြီး ဝယ်လိုအားနည်းနေသေးတာကြောင့် ဖြစ်နိုင်တယ်လို့ ကုန်သည်တချို့က ခန့်မှန်းထားကြပါတယ်။

" အသွယ်ပေါ့။ ကျွန်တော်တို့က အသွယ်လို့ခေါ်တယ်။ အခု ၁၂ သိန်းတောင် တချို့နေရာတွေမရတော့ဘူး။ ဆင်းသုခ ဆိုရင်တော့ ၁၅ ကျော်ကျော်လောက်ရမယ် ဒါပေမဲ့ သူ့သွင်းအားစုနဲ့ ပြန်တွက်မယ်ဆို မကိုက်ပြန်ဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာက အများအားဖြင့် အကြမ်းခံတယ် ဒီကမြေနဲ့ကိုက်တဲ့ အသွယ်ကို စိုက်ကြတာများတယ် " လို့ မြောင်းမြမြို့မှာ နေထိုင်တဲ့ စပါးကုန်သည်၊ ပဲကုန်သည် တစ်ဦးက ပြောပါတယ်။

လက်ရှိအချိန်ဟာ နွေစပါးတွေ ရိတ်သိမ်းခြွေလှေ့ချိန်ဖြစ်ပြီး ပြီးခဲ့တဲ့ မတ်လ ၁၀ ရက်နေ့ကအထိ ဧည့်မထမျိုးစပါးဝင် စပါးဈေးတွေဟာ ၁၄ သိန်းဝန်းကျင်မှာရှိနေခဲ့ပြီး အဲဒီအချိန်က ရိတ်သိမ်းခြွေလှေ့ပြီးတဲ့ တောင်သူလယ်သမားတွေက စပါးတက်ဈေးကို စောင့်နေချိန်မှာ အခုလိုမျိုး ဈေးထိုးကျလာတာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးရဲ့ရေတက်စိုက်ကွင်းတွေဘက်မှာအစိုက်များကြတဲ့ နွေစပါးဟာပြီးခဲ့တဲ့၂၀၂၃ ခုနှစ်ကတည်းကဈေးတွေဆက်တိုက်ကျလာပြီး သွင်းအားစုတွေ ဈေးဆက်တိုက်မြင့်တက်လာခဲ့တာကြောင့်အရှုံးနဲ့ဆက်တိုက် ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ၂၀၂၄ ခုနှစ်ကအထိ စပါးတင်း ၁၀၀ ကို ၂၅ သိန်းအထိ စျေးရခဲ့ပြီး ၂၀၂၅ မှာတော့ ၁၅ သိန်းဝန်းကျင်ထိ စျေးထိုးကျသွားခဲ့ပြီး ယခုအချိန်မှာတော့ ၁၂ သိန်းဝန်းကျင်ထိ ကျဆင်းလာခဲ့တာဖြစ်ပါတယ်။

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်က ဆန်ကုန်သည်တစ်ဦးကတော့ “ ဒီနှစ်မှာတော့ ဘယ်စပါးမဆို သိန်း ၂၀ ထက် မကျော်နိုင်လောက်ဘူး။ အခု ဧည့်မထတွေကတော့ ရောင်းလိုအားများလို့ ကျလာတာ ဖြစ်နိုင်တယ် ဒီထက်ပြန်တက်လာ နိုင်ဦးမယ် လို့ထင်တယ်။ ဒါပေမဲ့ သူ့တန်းအလိုက် ၁၀ သိန်းနဲ့ သိန်း ၂၀ ကြားမှာပဲ စပါးစျေးက ရှိနိုင်တယ်။ ဘာလို့လဲဆိုရင် အခုက ပြည်ပပို့ဖို့ကလည်း ငြိမ်နေတယ်လေ။ ကမ္ဘာ့အခြေအနေကိုလည်း စောင့်ကြည့်နေကြတာကြောင့်လို့ ထင်တယ် ” လို့ ဆိုပါတယ်။

ဘိုကလေးမြို့နယ်က နွေစပါးစိုက်ပျိုးတဲ့ ရေနက်ကွင်းကျေးရွာတွေမှာတော့ လက်ရှိစပါးပေါက်စျေးဟာ ရိတ်သိမ်းခြွေလှေ့ခတွေ စျေးတက်လာနေတာကိုတောင် ကာမိနိုင်ဖို့ မသေချာဘူးလို့ ဒေသခံတွေက ပြောပါတယ်။

“ အရင်ကတည်းက တစ်နှစ်ထက်တစ်နှစ် ဒီစျေးတွေက(ရိတ်သိမ်းခြွေလှေ့ခ)တက်နေတာ။ အခု ဆီစျေးက ၄ ထောင်ကျော် ၅ ထောင်နဲ့ ဝယ်မရတာတွေနဲ့ အဆမတန်တွေတက်။ စပါးက ၁၃၀ တောင် အနိုင်နိုင် ” လို့ ဘိုကလေးမြို့နယ် သဇင်ကုန်းကျေးရွာမှာနေထိုင်သူ တစ်ဦးက ဆိုပါတယ်။

ပုံမှန်အားဖြင့် စပါးစိုက်ပျိုးတဲ့ တောင်သူလယ်သမားတွေဟာ ရိတ်သိမ်းပြီးပြီးခြင်း စပါးအစိုကို ရောင်းချကြလေ့ရှိပါတယ်။

ဒါကြောင့် အရှုံးကို ကာမိနိုင်ဖို့အတွက် စျေးနည်းနည်းပိုရတဲ့ စပါးကိုနေလှန်းပြီး အခြောက်ကိုရောင်းကြဖို့ တိုက်တွန်းကြသူတွေရှိပေမဲ့ စပါးလှန်းဖို့အတွက် နေရာနဲ့ အလုပ်သမားစရိတ်တွေ ထပ်ကုန်ဖို့ရှိနေတာကြောင့် လက်ရှိစပါးစျေးနဲ့ ရိတ်သိမ်းခြွေလှေ့ပြီးသူတွေဟာ ဘာဆက်လုပ်ရမယ်မှန်းမသိဖြစ်နေကြတယ်လို့ ဓနုဖြူ၊ ဇလွန်၊ ကျုံပျော်နဲ့ ဘိုကလေးမြို့တွေက နွေစပါးစိုက်ပျိုးကြသူတွေက DNA ကို ပြောပါတယ်။

**Source : News: Delta News Agency**

**#Aventine Ltd. (အာဝို)**

## တနင်္သာရီကမ်းရိုးတန်း၌ အရှေ့တောင်အာရှ သုတေသနရေယာဉ်ဖြင့် ငါးသယံဇာတ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



တနင်္သာရီကမ်းရိုးတန်း ပင်လယ်ရေပြင်တွင် အရှေ့တောင်အာရှဖွံ့ဖြိုးတိုးတက်ရေးသုတေသနဗဟိုအဖွဲ့၏ သုတေသနရေယာဉ်ဖြင့် ငါးသယံဇာတ သုတေသနပြုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အဆိုပါ သုတေသနလုပ်ငန်းများကို ရက်ပေါင်း ၃၀ ကြာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။

တနင်္သာရီတိုင်းဒေသကြီးဟာ ဂေဟစနစ်နှင့် ငါးသယံဇာတပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

“အခုလုပ်မဲ့ သုတေသနက ၂၀၁၈ ခုနှစ်က ရခဲ့တဲ့ ရလဒ်ကိုပဲ ပြန်ပြီးအတည်ပြုတာဖြစ်တယ်။ ငါးတွေဘယ်လောက်ရှိနေသလဲ၊ ဥပမာ ရေပေါ်မှာနေတဲ့ ပလာတူး၊ ပလာလမ် စတဲ့အရေးပါတဲ့ငါးတွေ၊ ဒီငါးတွေက သတ်မှတ်ထားတဲ့ ရာသီချိန်မှာပဲ ပေါက်ဖွားနေလား၊ ဒါမှမဟုတ် ပူနွေးလာတဲ့အတွက် သားပေါက်ရာသီတွေ ရှေ့ကိုတိုးလာသလား၊ နောက်ဆုတ်သွားလား စတာတွေကို ပြန်လုပ်မှာဖြစ်ပါတယ်”လို့ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ထို့ပြင် ပင်လယ်ရေပြင်အတွင်း ပလတ်စတစ်ပါဝင်မှုနှုန်းကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း၊ တွေ့ရှိရသည့် ပလတ်စတစ် အမျိုးအစားအလိုက်ခွဲခြား၍ ပလတ်စတစ်လျှော့ချရေး အစီအမံများကိုပါ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုလို သုတေသနပြု လုပ်ငန်းများသည် ငါးလုပ်ငန်းတစ်ခုတည်းအတွက်သာမကငါးလုပ်ငန်းနှင့် ဆက်စပ်နေသည့် အခြားသုတေသနလုပ်ငန်းများကို လည်း တစ်ပြိုင်တည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရပါတယ်။

သုတေသနလုပ်ငန်းများကို တနင်္သာရီကမ်းရိုးတန်းပင်လယ်ရေပြင်၌ ငါးနှင့်ငါးသယံဇာတနေထိုင်ကျက်စားသည့် ရေအောက် ဇီဝဗေဒသုတေသနအခြေအနေ ဆန်းစစ်သုတေသနပြုရန်၊ ငါးနှင့်ငါးသယံဇာတလုပ်ငန်းများကို စီမံခန့်ခွဲမှုပြုလုပ်ပြီး အထောက် အပံ့ပေးနိုင်ရန်၊မြန်မာ့ရေပြင်၌ရေရှည်တည်တံ့နိုင်စေရန်စသည့်ရည်ရွယ်ချက်များဖြင့်ဆောင်ရွက်ရခြင်းဖြစ်တယ်လို့သိရပါတယ်။

အဆိုပါ သုတေသနလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂၂ ရက်အထိ ဆောင်ရွက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ယခုသုတေသနပြုလုပ်ခြင်းသည် ၂၀၁၈ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် သုတေသနပြုမှုကို ၂၀၂၆ ခုနှစ်တွင် ပြန်လည်အတည်ပြု သည့် သဘောဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင်လည်း နော်ဝေနိုင်ငံ သုတေသန ရေယာဉ်ဖြင့် မြန်မာ့ကမ်းရိုးတန်းတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၉-၃-၂၀၂၆ မှ ၁၃-၃-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်စျေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၂,၉၈၅,၀၀၀၊ မတ်ပဲ SQ/ RC (2026 Crop) ကျပ် ၃,၃၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၀၁,၀၀၀ စျေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၇၅,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၈၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃၁,၀၀၀ အသီးသီးစျေး မြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၁၇၀ လုံး (တန်ချိန် ၄၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၂၅ လုံး (တန်ချိန် ၃၀၀၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၄၅ လုံး(တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) စျေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၆,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၆,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၇,၀၀၀ နှင့် ဟင်္သာတ မိုးထောင် ကျပ် ၁၅,၅၀၀ စျေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀ မြားနီ(သစ်) ကျပ် ၁၀၀၀ ၊ဟင်္သာတ မိုးထောင် ကျပ် ၁၀၀၀ နှင့် ဆင်ဖြူ ကျွန်း(ပု) ကျပ် ၅၀၀ အသီးသီးစျေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၈၀၀၀ (၁၆၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၆၇၀ (၁၀,၀၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀၀ (၂၂၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၁၀၀ (၁၆,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၀၀၀(၆၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၄၃၀ (၆,၄၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၇ဝဝ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၈ဝဝဝ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၂ဝဝ၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၁ဝဝ၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၇ဝဝ၊ ရေစကြိုထန်းလျက်(သစ်) ကျပ် ၇ဝဝဝ၊ ကြံသကာ ကျပ် ၄၂ဝဝ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉ဝဝ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၂ဝဝ၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၁ဝဝ နှင့် သကြား(ပြည်တွင်း) ကျပ် ၅ဝ ဈေးမြင့်တက်ခဲ့ပြီး ကြံသကာ ကျပ် ၂ဝဝ ဈေးကျဆင်း ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၉-၃-၂၀၂၆ မှ ၁၃-၃-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၄ဝဝ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄ဝဝ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄ဝဝ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈ဝဝ ၊ မြစ်သားသစ်ရှယ် ကျပ် ၁၈ဝဝ ၊ မြစ်သားလတ်ကြီး ကျပ် ၂ဝဝဝ ၊ မြစ်သားလတ်သန့် ကျပ် ၂ဝဝဝ နှင့် မြစ်သားလတ်ချော ကျပ် ၁၇ဝဝ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မြစ်သားသစ်ရှယ် ကျပ် ၂ဝဝ ၊ မြစ်သားလတ်ကြီး ကျပ် ၄ဝဝ ၊ မြစ်သားလတ်သန့် ကျပ် ၄ဝဝ နှင့် မြစ်သားလတ်ချော ကျပ် ၁ဝဝ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုး အစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၇ စီး(၇ဝ၂,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇၉ စီး (၁,ဝ၇၄,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆၂ စီး (၃၇၂,ဝဝဝ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄ဝဝဝ၊ အောင်ပန်းထူး -၂ ကျပ် ၆၅ဝဝ၊ အောင်ပန်းထူး-၃ ကျပ် ၆ဝဝဝ ၊ အောင်ပန်းထူး-၄ ကျပ် ၇၅ဝဝ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅ဝဝ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၂ဝဝဝ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၂၅ဝ (၉၇,၅ဝဝ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၁ဝဝ (၉၃,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၅ဝ(၄,၅ဝဝ ပိဿာ) လျော့နည်း ဝင်ရောက် ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၇ဝဝ၊ အောင်ပန်း OK ကျပ် ၃၃ဝဝ၊ အောင်ပန်း S1 ကျပ် ၃၃ဝဝ နှင့် အောင်ပန်း S2 ကျပ် ၂၅ဝဝ

အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း  အောင်ပန်း A1 ကျပ် ၂၀၀၊ အောင်ပန်း OK ကျပ် ၃၀၀၊ အောင်ပန်း S1 ကျပ် ၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၉ စီး(၂၉၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၂၂ စီး(၁၃၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိမ်အရောက်ပို့ ဆန်ရောင်းချမှု ယာယီရပ်နား




အိမ်အရောက်ပို့ (Home Delivery) နဲ့ ဆန်ဖြန့်ဖြူးရောင်းချနေတဲ့ အစီအစဉ်ကို မတ် ၁၇ ရက်ကစပြီး ယာယီ ရပ်နား ထားမှာဖြစ်ပြီး ပြန်လည်ရောင်းချပေးသွားမဲ့ အစီအစဉ်ကို ထပ်မံကြေညာပေးသွားမှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မတ် ၁၆ ရက်မှာ ထုတ်ပြန် ကြေညာပါတယ်။

လက်ရှိအချိန်မှာ ကမ္ဘာ့တစ်ဝှမ်း ဖြစ်ပေါ်နေတဲ့ စက်သုံးဆီအခြေအနေတွေအရ Home Delivery ကို အချိန်နဲ့အညီ ပေးပို့ဖို့ အခက်အခဲရှိတာကြောင့် လက်ရှိ ငွေပေးသွင်းထားတဲ့ စားသုံးသူတွေနဲ့ အမှာစာ ပေးပို့ထားတဲ့ စားသုံးသူတွေထံကိုသာ ဆက်လက် ဖြန့်ဖြူး ရောင်းချပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်းပြီး ဆန်ဈေးနှုန်းတွေ တည်ငြိမ်မှန်ကန်စေဖို့အတွက် စားသုံးသူတွေထံကို အိမ်အရောက်ပို့စနစ် (Home Delivery) နဲ့ ဆန်တွေ ရောင်းချ ပေးနေတာ ဖြစ်ပါတယ်။

အခုလို စားသုံးသူတွေထံ အိမ်အရောက်ပို့စနစ်နဲ့ ရောင်းချပေးခဲ့ရာမှာ လက်ရှိအချိန်အထိ စုစုပေါင်း ဆန်အိတ် ၁၁၆၁ အိတ်ကိုရောင်းချခဲ့ပြီးဖြစ်တယ်လို့သိရပါတယ်။

**Source : https://onenewstvchannel.com/**

## Wind Energy Holding သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးချဲ့ထုတ်လုပ်ရန် ထိုင်းဘတ် ၂၀ ဘီလီယံအစီအစဉ်ချမှတ်ထား

Wind Energy Holding သည် ၂၀၂၆-၂၀၃၀ ကာလအတွင်း ဘတ်သန်း ၂၀,၀၀၀ အတွက် ငါးနှစ်ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်ကို ကြေညာခဲ့ပြီး ၎င်း၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အစုစုကို ၂,၀၀၀ မဂ္ဂါဝပ်အထိချဲ့ထွင်ရန်ရည်ရွယ်သည့် မဟာဗျူဟာမြောက်လုပ်ငန်းသုံးရပ်ကို မြှင့်တင်ခဲ့ကြောင်း သိရသည်။

နခွန်ရတ်ချ်စီမာခရိုင်တွင် ၈၉ ဒသမ၇ မဂ္ဂါဝပ်ရှိ လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်တည်ဆောက်ရေးသည် ၂၀၂၆ ခုနှစ် နှစ်လယ်တွင်စတင်မည်ဟု ကုမ္ပဏီကယုံကြည်ထားကြောင်း၊ ကုမ္ပဏီ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းအစုစုကို ချဲ့ထွင်ရန်အတွက် အဓိကလုပ်ငန်းသုံးမျိုးတွင် ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်ကို အသုံးချသွားမည်ဖြစ်ကြောင်း၊ ပေါင်းစပ် စွမ်းအား ၂၉၉ ဒသမ ၁ မဂ္ဂါဝပ်ရှိသော ဓာတ်အားပေးစက်ရုံအသစ်လေးခုအတွက် တည်ဆောက်ရေးရင်းနှီးမြှုပ်နှံမှုနှစ်ခုမှာ နှစ်ရှည်ဓာတ်အား ဝယ်ယူရေးသဘောတူညီချက်များ(PPAs)လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ပရောဂျက်အားလုံးသည် ၂၀၃၀

ပြည့်နှစ်တွင် အပြည့်အဝလည်ပတ်နိုင်သဖြင့် ၂၀၂၇ ခုနှစ်မှစတင်၍ အမြတ်အစွန်းအသိအမှတ်ပြုခြင်းအား အရှိန်အဟုန်ဖြင့် စတင်ရန်မျှော်လင့်ကြောင်း၊ စီမံကိန်းအသစ်များအတွက် ဖွံ့ဖြိုးတိုးတက်ရေးရင်းနှီးမြှုပ်နှံမှုကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဝယ်ယူရေးတင်ဒါအကျော့တွင် ပါဝင်ရန်နေရာချထားဖြစ်ကြောင်း၊ပြည်ပတွင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လုပ်ငန်းအခွင့် အလမ်းများအတွက် ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ကြောင်း Wind Energy Holding Company Limited ၏ အမှုဆောင်အရာရှိချုပ် Nuttapasint Chet-Udomlap က ပြောကြားခဲ့သည်။

အသစ်သတ်မှတ်ပေးထားသည့် ပရောဂျက်လေးခုအနက်မှ တစ်ခုဖြစ်သည့် Dan Khun Thot Wind One(DKT1)အား ၈၉ ဒသမ ၇ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်ကို ၂၀၂၆ နှစ်လယ်တွင်စတင်ရန်စီစဉ်ထားကြောင်း၊ အဆိုပါစက်ရုံသည်စီးပွားဖြစ်လည်ပတ် သည့်ရက်စွဲ(COD)သို့ရောက်ရှိရန်မျှော်လင့်ထားပြီး ၂၀၂၇ ခုနှစ်နှောင်း ပိုင်းမှ စတင်၍ ဝင်ငွေစတင်ရရှိမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ လက်ရှိပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပမာဏစုစုပေါင်းမှာ ၁၀၁၆ မဂ္ဂါဝပ်ဖြစ်ပြီး လက်ရှိဝင်ငွေရှာဖွေရေးပရောဂျက်ရှစ်ခုတွင် ၇၁၇ မဂ္ဂါဝပ်မှ ၁၀၁၆ မဂ္ဂါဝပ်အထိရှိပါကြောင်း၊ရှေ့ဆက်သွားပါက ယင်းလုပ်ငန်းသုံးလမ်းကြောင်းသည် ကုမ္ပဏီ၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အစုစုကို ၂၀၃၅ ခုနှစ်တွင် ၂၀၀၀ မဂ္ဂါဝပ်မိုင်တိုင်သို့ တွန်းပို့မည်ဖြစ်ကြောင်း၊ ယခုနှစ်မှစတင်၍ ၂၀၃၀ ပြည့်နှစ်အထိ WEH မှ ဝင်ငွေရရှိနေသော ပရောဂျက်အသစ်များနှင့် သက်ဆိုင်သူများအနေဖြင့် တိုးတက်မှုကိုမြင်တွေ့ရမည်ဖြစ်ကြောင်း Mr Nuttapasint က ဖြည့်စွက်ပြောကြားခဲ့သည်။

ကုမ္ပဏီ၏ဘဏ္ဍာရေးအနေအထား၊ လည်ပတ်ဆောင်ရွက်မှုနှင့် ကြွေးမြီပရိုဖိုင်သည် လွန်ခဲ့သည့် ၅ နှစ်မှ ၆ နှစ်အတွင်း ခိုင်မာအားကောင်းနေဆဲဖြစ်ကြောင်း၊လုပ်ငန်းလည်ပတ်ကျွမ်းကျင်မှု၊ထိရောက်သောထုတ်လုပ်မှု အန္တရာယ်စီမံခန့်ခွဲမှုနှင့် ပုံသေမှတ်တမ်း မရှိသောဘဏ္ဍာရေးအဖွဲ့အစည်းများထံ ကြွေးမြီပြန်ဆပ်မှုမှတ်တမ်းသည် တစ်သမတ်တည်းရှိကြောင်း၊ ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဘတ်ငွေသန်း ၁၀,၀၀၀ ကျော်နှင့် အမြတ်ငွေဘတ်သန်း ၅၀၀၀ ဆက်တိုက်ဝင်ငွေရရှိထားပြီး ၎င်း၏ကြွေးမြီမှ သာတူညီမျှမှု(D/E)အချိုးသည် ၎င်း၏လက်ရှိအဆင့်သို့ သုည ဒသမ ၇ ဆအထိ ဆက်တိုက်ကျဆင်းသွားကာ စက်မှုလုပ်ငန်း၏ ပျမ်းမျှ ၅ ဆထက်သိသိသာသာကျဆင်းသွားကြောင်း၊ ထိုင်းနိုင်ငံ၏လေစွမ်းအင် လုပ်ငန်းတွင် ဦးဆောင်သူတစ်ဦးအနေဖြင့် ထိုင်းနိုင်ငံ၏ သန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်အနာဂတ်ဆီသို့ အသွင်ကူးပြောင်းရေးတွင် ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း Mr Nuttapasint က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** https://www.bangkokpost.com/thailand/pr/3213819/wind-energy-holding-sets-thb-20bn-plan-to-expand-renewable-portfolio

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## အင်ဒိုနီးရှားနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်တိုးချဲ့ရန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိ



အင်ဒိုနီးရှားအစိုးရအနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အရှိန်အဟုန်မြင့် တိုးမြှင့်ဆောင်ရွက်နေစဉ် နေရောင်ခြည်စွမ်းအင်သုံး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Rosan Roeslani က မတ်လ ၅ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုကို အင်ဒိုနီးရှားနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်တိုးချဲ့ရေး အစီအစဉ်အတွက် လိုအပ်သော စက်ကိရိယာများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ပြီး တစ်နှစ်လျှင်ထုတ်လုပ်မှုပမာဏ ၅၀ ဂစ်ဂါဝပ်(GW)အထိရှိမည့် ဆိုလာစွမ်းအင်သုံး အစိတ်အပိုင်

း များ ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် နိုင်ငံ၏ သန့်စင်သောစွမ်းအင် (Clean Energy) ပံ့ပိုးမှု တိုးမြှင့်ရေး ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် စုစုပေါင်း ဆိုလာစွမ်းအင် ထုတ်လုပ်မှုပမာဏ ၁၀၀ ဂစ်ဂါဝပ် (GW) အထိရရှိရန် ရည်မှန်းထားသည့် အကြီးစားစီမံကိန်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ဝန်ကြီး Rosan ၏ ပြောကြားချက်အရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ Prabowo Subianto ကလည်း ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများစွာမှတစ်ဆင့် ဆိုလာစွမ်းအင်စီမံကိန်းကို အရှိန်မြှင့်တင်ရန် အစိုးရအား ညွှန်ကြားထားကြောင်း သိရသည်။

အစိုးရအနေဖြင့် ပထမအဆင့် ဖွံ့ဖြိုးတိုးတက်မှုအဖြစ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက် ကောင်းမွန်စွာရှိပြီးသားဒေသများကို အဓိကထား၍ ၁၃ ဂစ်ဂါဝပ်ခန့် စတင်ထုတ်လုပ်ရန် စီစဉ်နေကြောင်းလည်း သိရသည်။

၁၀၀ ဂစ်ဂါဝပ် ထုတ်လုပ်မည့် ဆိုလာစီမံကိန်းသည် ကျေးလက်ဒေသများကို အဓိကဦးတည်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား တည်ငြိမ်စွာရရှိစေရန်အတွက် စုစုပေါင်း ၃၂၀ ဂစ်ဂါဝပ်နာရီ (GWh) ပမာဏရှိသောစွမ်းအင်သိုလှောင်မှုစနစ်များက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Danantara) သည် အရှေ့ဂျားဗားပြည်နယ်၊ Sumenep တွင် ၁ မဂ္ဂါဝပ် (MW) ထွက်ရှိမည့် စမ်းသပ်ဆိုလာစီမံကိန်းတစ်ခုကို စတင်နေပြီဖြစ်ကြောင်း၊ အဆိုပါစမ်းသပ်မှုအောင်မြင်ပါက အလားတူစီမံကိန်းများကို အခြားဒေသများတွင်လည်း ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက မှတ်ချက်ပြုခဲ့သည်။

စွမ်းအင်နှင့် သယံဇာတဝန်ကြီးဌာန၏ အချက်အလက်များအရ ကျေးရွာပေါင်း ၅၇၅၈ ရွာ (အိမ်ထောင်စုပေါင်း ၁ ဒသမ ၂ သန်းခန့်) သည် လျှပ်စစ်မီးမရရှိသေးဘဲ ရှိနေခြင်းကြောင့် ကျွန်းစုနိုင်ငံဖြစ်သော အင်ဒိုနီးရှားတွင် ပြည့်ဖြိုးမြဲစွမ်းအင်သည် လျှပ်စစ်မီးရရှိရေးအတွက် အလားအလာကောင်းသော အခန်းကဏ္ဍတွင် ရှိနေကြောင်း သိရသည်။

**Source: Jakarta globe**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (17.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,580 (Shares) | 49,779,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,000 | 682 | 8,513,000 | 33,109,694 | 413,871 |
| MTSH | 00002 | 6,300 | -100 | -1.56% | 6,400 | 6,400 | 6,300 | 2,417 | 15,317,500 | 38,929,150 | 245,254 |
| MCB | 00003 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 470 | 3,997,000 | 10,400,986 | 89,449 |
| FPB | 00004 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,600 | 1,866 | 6,717,600 | 29,664,613 | 106,793 |
| TMH | 00005 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,350 | 245 | 826,600 | 12,823,224 | 43,599 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,701 | 2,901,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,000 | +50 | +1.27% | 4,000 | 4,000 | 4,000 | 300 | 1,200,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,500 | 2,899 | 10,306,350 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 16th Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 562.84 | -0.66 | -0.12% | 564.01 | 564.90 | 552.64 | 10,580 | 49,779,800 | 8 | 1,061,614 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 17th Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,655 (Shares) | 52,361,950 (MMK) |

| MYANPIX | 567.62 ▲ 4.78 |
|---|---|
| Total Volume (shares) | 15,787 |
| Total Value (MMK) | 64 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,070,635 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 0 |
| MTSH | 00002 | 6,400 | ▲ 100 |
| MCB | 00003 | 8,600 | ▲ 0 |
| FPB | 00004 | 3,950 | ▲ 350 |
| TMH | 00005 | 3,150 | ▼ 250 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 3,900 | ▼ 100 |
| MAEX | 00008 | 3,600 | ▲ 0 |